လွတ်လွတ်ကျေးရွာ
မြိတ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လွတ်လွတ်ကျေးရွာ၊ မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့် ဦးကောင်းမြတ် -
LIFT/ Technical Assistant Team တို့ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	လွတ်လွတ်ကျေးရွာ သယံဇာတပြမြေပုံ၊ မြို့တော်မြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၉
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၁
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၂
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၂
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၄
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၇
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၈
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၆
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၃
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၅
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


သြဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လွတ်လွတ်ကျေးရွာ

မြိတ်မြို့နယ်

လွတ်လွတ်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

လွတ်လွတ်ကျေးရွာသည် ကျောက်ဖျာကျေးရွာအုပ်စုတွင် ပါဝင်ပြီး မြိတ်မြို့နယ်၏ အလယ်ပိုင်း၊ မြောက်လတ္တီကျူ ၁၂° ၃၄' ၀၄" နှင့် ၉၈° ၃၄' ၃၈" အကြား အရှေ့လောင်ဂျီကျူ ၉၈° ၄၀' ၃၄" နှင့် ၁၂° ၃၁' ၀၈" အကြားတွင် တည်ရှိပါသည်။ ကျောက်ဖျာကျေးရွာ အုပ်စုသည် အရှေ့မှအနောက်သို့ (၃.၃၇) မိုင်နှင့် တောင်မှမြောက်သို့ (၅.၉၇) မိုင် ရှည်လျားပါသည်။ မြိတ်မြို့မှ (၁၀) မိုင်ခန့် ကွာဝေးပါသည်။ လွတ်လွတ်ကျေးရွာ၏ အရှေ့ဘက်တွင် ပင်းအိုကျေးရွာအုပ်စု၊ အနောက်ဘက်တွင် ကဘင်းရွာ၊ တောင်ဘက်တွင် သဘွတ်ကျေးရွာ အုပ်စု၊ မြောက်ဘက်တွင် သမုတ်ကျေးရွာအုပ်စုနှင့် နယ်နိမိတ်ချင်းထိစပ်လျက် ရှိပါသည်။ ကျေးရွာ၏ တောင်ကုန်းတောင်တန်းများရှိပြီး မြောက်ဘက်တွင် မြစ်ချောင်းများရှိ၍ မြေပြန့်လွင်ပြင် အနည်းငယ်သာ ရှိပါသည်။ သမုတ်မြစ်ကမ်းနံဘေးတွင် တည်ရှိသောကြောင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ စက်လှေငယ်များဖြင့် သွားလာနိုင်ပါသည်။ လွတ်လွတ်ကျေးရွာ သည် ပင်လယ်ရေမျက်နှာပြင်အောက် (၁၅) ပေတွင် တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လွတ်လွတ်ကျေးရွာသည် ပူနွေးစိုစွတ်သော ရာသီဥတုရှိ၍ အမြင့်ဆုံးအပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် ၂၃ ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ လွတ်လွတ်ကျေးရွာတွင် ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ဂန့်ဂေါ်၊ ကနစို၊ သင်္ကန်း၊ ဥဘန်၊ ကညင်ပင်များ ဖြစ်ပါသည်။ တောရိုင်းတိရိစ္ဆာန်များမှာ တောကြောင်၊ သင်းခွေချပ်၊ တောဝက်၊ တောကြက်၊ မျောက်အမျိုးမျိုးတို့ ဖြစ်ကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှု အခြေအနေ

လွတ်လွတ်ကျေးရွာတွင် အိမ်ထောင်စု (၁၃၀) စု ရှိပြီး၊ လူဦးရေ စုစုပေါင်း (၆၁၂) ဦး ရှိပါသည်။ ကျေးရွာ၏ လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အမျိုးသား/အမျိုးသမီးအဖွဲ့ စသည်ဖြင့် ဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုအားနည်းလျက် ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လွတ်လွတ်ကျေးရွာတွင် World Vission နှင့် Vission Fund

နိုင်ငံတကာ အဖွဲ့အစည်း (၂) ခုသာရှိ၍ အဖက်ဖက်မှ ဝိုင်းဝန်း ထောက်ပံ့ပေးနေသည့် အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

လွတ်လွတ်ကျေးရွာတွင် လယ်မြေ (၈၆) ဧက၊ တောင်ယာမြေ (၁၇၄) ဧက၊ ဥယျာဉ်ခြံမြေ (၉၉.၂) ဧကနှင့် ခနိတောမြေ (၁၅၀) ဧက၊ စုစုပေါင်း (၅၀၉.၂) ဧက ရှိပါသည်။ တောင်သူငယ်များပြားပြီး၊ (၁၂.၅) ဧကအထက်ရှိ တောင်သူကြီး (၇) ဦး သာရှိ၍ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများမှာ ကျေးရွာရှိစုစုပေါင်းအိမ်ထောင်စု၏ (၆၇.၆၉%) သာ ရှိပါသည်။

မိုးရေကိုသာ အဓိကအားထားပြီး စိုက်ပျိုးပါသည်။ လွတ်လွတ်ကျေးရွာတွင် အဓိက စိုက်ပျိုးသည့်သီးနှံမှာ စပါးဖြစ်ပြီး ရော်ဘာ၊ ကွမ်းနှင့် သီးပင်စားပင်များကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိပါသည်။ စိုက်ပျိုးသည့် လယ်ယာမြေများသည် မြေဆီလွှာများပျက်စီးခြင်း၊ သီးနှံအထွက်နှုန်း နည်းခြင်း၊ ဆားငန်ရေ ဝင်ရောက်ခြင်း၊ သီးနှံပိုးမွှားရောဂါကျရောက်ခြင်းများရှိသည့်အတွက် ဈေးကွက်မမီသည့် သီးနှံများ ဖြစ်ပေါ်လျက် ရှိပါသည်။ ရော်ဘာဈေးနှုန်းသည် ကျဆင်းလျက်ရှိသည့်အတွက် အခက်အခဲများ ဖြစ်နေပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် နည်းပညာပေးသင်တန်းများ၊ ရော်ဘာဈေးကောင်းရရှိရေးအတွက် လိုအပ်သော ဆွေးနွေးမှုများ ပြုလုပ်ရန် လိုအပ်နေပါသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သူများတွင် ကိုယ်ပိုင်စက်ကိရိယာများဖြင့် လုပ်ကိုင်သူ အနည်းငယ်သာ ရှိပါသည်။ အချို့တောင်သူများမှာ လယ်ယာသုံးကိရိယာများကို ငှားရမ်းလုပ်ကိုင်နေကြ ပါသည်။

လွတ်လွတ်ကျေးရွာတွင် သီးနှံအထွက်နှုန်းတိုးစေရန်အတွက် မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ရန်နှင့် ဓာတုပိုးသတ်ဆေးများ အန္တရာယ်ကင်းစွာဖြင့် စနစ်တကျ အသုံးပြုနိုင်စေရန် နည်းပညာသင်တန်းများ လိုအပ်ပါသည်။ လယ်ယာမြေများ တိုးချဲ့လုပ်ကိုင်နိုင်ခြင်း မရှိသည့်အပြင် စိုက်ပျိုးရေးလည်း လုံလောက်မှုမရှိပါ။ သီးနှံအထွက်နှုန်း တိုးလာအောင် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲလာစေရန် ပညာပေးဟောပြောမှုများ လိုအပ်ပါသည်။ ထို့အပြင် မြေဆွေး၊ အော်ဂဲနစ်များ ထည့်သွင်းအသုံးပြုမှုနှင့် ပတ်သက်၍ သုံးစွဲနည်းများကိုလည်း လက်လှမ်းမီ ကျင့်သုံးနိုင်ရန် အခက်အခဲများ ရှိနေပါသည်။

လွတ်လွတ်ကျေးရွာတွင်စိုက်ပျိုးသီးနှံများမှာ စပါး၊ ရာဘာ၊ ကွမ်းသီး၊ အုန်းသီးနှင့် ရာသီပေါ်သီးပင်စားပင်များစိုက်ပျိုးကြပါသည်။ ရာဘာနှင့်ကွမ်းသီးပင်များဖြစ်ပါသည်။

(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

လွတ်လွတ်ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၉) အိမ်ရှိပြီး နွားကောင်ရေ (၂၁) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၇) စုမှ (၃၇) ကောင်၊ အိမ်ထောင်စု (၃) အိမ်မှ ဝက် (၅) ကောင်၊ အိမ်ထောင်စု (၈၈) အိမ်မှ ကြက် (၁၃၀၆) ကောင်၊ အိမ်ထောင်စု (၂၂) အိမ်မှ ဘဲ (၂၂၆) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ အချို့ အိမ်ထောင်စုများမှာ စီးပွားဖြစ်မွေးမြူသော်လည်း ဈေးကောင်းမရရှိသည့်အတွက် ကျေးရွာတွင်သာ ရောင်းချကြခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိရန် လိုအပ်လျက်ရှိပြီး တိရစ္ဆာန်ရောဂါကျရောက်မှု ရှိသည့်အတွက် ကျေးရွာသို့ မွေး/ကုဦးစီးဌာနမှ ဆရာဝန်များမှလည်း အချိန်မီလာရောက်ကုသနိုင်ခြင်း မရှိသဖြင့် ရောဂါကာကွယ်ကုသနည်းလမ်းများတွင် ဝန်ဆောင်မှုအားနည်းလျက် ရှိပါသည်။

မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာ မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သော ရေအတွက် လုံလောက်စွာ ရရှိနိုင်ခြင်းနှင့် မျိုးကောင်းတိရစ္ဆာန်များကို အသင့်တင့်ဝယ်ယူရရှိနိုင်ပါသည်။ စားကျက်မြေ မရှိသောကြောင့် တိရစ္ဆာန်များကို လွတ်လပ်စွာ မမွေးမြူနိုင်သည့် အခက်အခဲများ ဖြစ်နေပါသည်။ မွေးမြူရေးနှင့် သက်ဆိုင်သော နည်းပညာပေး သင်တန်းများ၊ မျိုးကောင်းမျိုးသန့်ရရှိနိုင်သည့် နေရာများ၊ မွေးမြူသည့် နည်းစနစ်များရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

လွတ်လွတ်ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများမှာ အပ်ချုပ်သမား၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်နှင့် ဥယျာဉ်ခြံများတွင် အငှားလိုက် လုပ်သူ၊ လယ်ယာစိုက်ပျိုးရေးတွင် အငှားလုပ်သူ၊ ရေလုပ်ငန်းတွင် လှေလိုက်သူစသည့် ကျပန်းလုပ်ငန်း လုပ်ကိုင်သူများ ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပြီး ကုန်ကြမ်း အသင့်အတင့်ရရှိနေခြင်းကလည်း အခွင့်အလမ်းကောင်းများ ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ ကျေးရွာတွင် နေထိုင်သောသူအချို့သည် အခြားနိုင်ငံသို့ သွားရောက် လုပ်ကိုင်သည့်အတွက် လုပ်သားအင်အား ရှားပါးခြင်း၊ အခြားဒေသထွက်ကုန်များမှာလည်း ဈေးကွက်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးသည်လည်း နွေရာသီတွင် သွားလာရအဆင်ပြေသော်လည်း မိုးရာသီတွင် မြေသားလမ်းများ ဖြစ်သည့်အတွက် သွားလာရခက်ခဲခြင်း၊ လျှပ်စစ်မီးအနေဖြင့် (၂၄) နာရီ မီးမရရှိသေးသည့်အတွက် ကျေးရွာတွင် ဒီဇယ်အင်ဂျင်ဖြင့် မီးလင်းမှုရရှိအောင် မီးပေးနေသည့် အိမ်ရှိပါသည်။ မီးသုံးစွဲမှုအတွက် (၁) ရက်ကို (၆၀၀) ကျပ် ပေးရပါသည်။ အချို့အိမ်

များမှာ ဆိုလာမီး၊ ဖယောင်းတိုင်မီးနှင့် ရေနံဆီမီးခွက်များကို သုံးစွဲသည့် အိမ်များလည်း ရှိပါသည်။ ထိုကြောင့် မီးဘေးအန္တရာယ်အတွက်လည်း စိုးရိမ်မှုဖြစ်ရပါသည်။ မိသားစုစား ဝတ်နေရေးအတွက် ချေးငွေများအား ကျေးရွာတွင် (၂၀%) အတိုးနှုန်းကြီးမြင့်စွာဖြင့် ချေးယူ နေရသည့်အတွက် ကာလရှည်ချေးငွေများ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။ အသက်မွေးဝမ်းကျောင်းပညာများအား အဆင်ပြေသည့် အိမ်ထောင်စုများမှ သားသမီးများသာ သင်ယူနိုင်သည့်အတွက် ဆင်းရဲသည့် မိသားစုများအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်ယူနိုင်ခြင်း မရှိပါ။ ထိုကြောင့် ကျေးရွာတွင်ရှိသော အမျိုးသမီး/ အမျိုးသားငယ် များအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်နေ ပါသည်။

(ဂ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လွတ်လွတ်ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမချေးငွေမှ ကာလတို ချေးငွေများသာ ရရှိပါသည်။ အချို့တောင်သူများမှာ ပုံစံ (၇) ရရန် အခက်အခဲများ ရှိသည့်အတွက် ချေးငွေ မရယူသည်များ ရှိပါသည်။ သမဝါယမချေးငွေသည်လည်း အသင်း ဝင်ထားသည့်သူများသာ ချေးသည့်အတွက် အသင်းဝင်ထားခြင်းမရှိသူများ ချေးခွဲမရသည် များရှိပါသည်။ Vision Fund မှလည်း ချေးငွေကိစ္စအတွက် လုပ်ဆောင်ပေးလျှက် ရှိပါ သည်။ ကျေးရွာသူ/သားများအနေဖြင့် ငွေကြေးမလုံလောက်သည့်အတွက် ချေးငွေ ပြန်ဆပ် ချိန်တွင် အချိန်မီ ပြန်ဆပ်နိုင်ခြင်းမရှိပါ။ ကျေးရွာတွင် ငွေချေးပေးသူများထံမှ အတိုးနှုန်း ကြီးစွာဖြင့် ချေးယူ၍ မိသားစုစားဝတ်နေရေးကို ဖြေရှင်းကြရသည်။ ထို့ကြောင့် ကာလရှည် ချေးငွေများချေးယူရရှိမည်ဆိုပါက မိမိတို့ လုပ်ကိုင်နေသော အသက်မွေးဝမ်းကျောင်းလုပ် ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံ နိုင်လာမည် ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

လွတ်လွတ်ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်နှင့် ကားကိုသာ အဓိကထား အများဆုံး အသုံးပြုကြပါသည်။ ဆိုင်ကယ် (၉၄) စီး၊ သုံးဘီးဆိုင်ကယ် (၁) စီး၊ ထော်လာကျီ (၁) စီး၊ ကား (၄) စီးနှင့် စက်ဘီး (၃၃) စီးဖြင့် အသုံးပြုကြပါသည်။ တစ်ဖက် ကမ်းတွင်ရှိသည့် သမုတ်ကျေးရွာသို့ သွားသည့်အခါတွင် လှေ/စက်လှေကို အသုံးပြုကြ ပါသည်။

လွတ်လွတ်ကျေးရွာတွင် ကျေးရွာတွင်းလမ်းများသည် ပျက်စီးနေပြီး သွားလာရ ခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများ ဖြစ်ပေါ်နေပါသည်။ ချဉ်းကပ်လမ်းများလည်း ပျက်စီးနေ

ပါသည်။ ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်သည့်အတွက် ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် လိုအပ်နေပါသည်။ လွတ်လွတ်ကျေးရွာတွင် ရေပြွန် (၃) စင်း ရှိပါသည်။ ထိုရေပြွန်များမှာလည်း ကွန်ကရစ်ဖြင့် ပြုလုပ်ထားသောကြောင့် ယခုအနေအထားတွင် ကောင်းမွန်လျက် ရှိပါသည်။ လွတ်လွတ်ကျေးရွာမှ သမုတ်ကျေးရွာသို့ လှေဖြင့်သွားရသည့်အတွက် သစ်လုံးစီ ရေးဆင်းတံတားတစ်စင်းရှိ ပါသည်။ ထို့အပြင် လွတ်လွတ်-သမုတ် သံဘောင်ကွန်ကရစ်တံတားကြီးကို ဆောက်လုပ်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

လွတ်လွတ်ကျေးရွာတွင် မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက် သုံးစွဲနိုင်ခြင်း မရှိသေးပါ ။ ကျေးရွာတွင် ဒီဇယ်အင်ဂျင်ဖြင့် မီးပေးဝေထားမှုရှိသော်လည်း ညနေ (၆) နာရီမှ ည (၁၀) နာရီအထိ သုံးစွဲမှုအတွက် တစ်ရက်ကို (၅၀၀) နှင့် (၇၀၀) ကျပ်တို့ဖြင့် ပေးဆောင်ရပါသည်။ အချို့အိမ်ထောင်စုများမှာ ဆိုလာ၊ ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်များကို သုံးစွဲလျက် ရှိပါသည်။ ကျေးရွာတွင် မဟာဓာတ်အားလိုင်းရရှိမည် ဆိုပါက ကျေးရွာအတွက် အဖက်ဖက်မှ လူမှုရေး ကိစ္စအဝဝတွင် အထောက်အကူဖြစ်လာပါမည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

လွတ်လွတ်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၁၈) လုံး၊ ရေဒီယို (၄၇) လုံး၊ တီဗွီ (၄၁) လုံး၊ ဂြိုလ်တုစလောင်း (၃၃) လုံး စသည်တို့မှ ရရှိသည့်အပြင် လူကြီးများသည် ဖုန်းကို စနစ်တကျ သုံးစွဲတတ်ခြင်း မရှိပါ။ ကျေးရွာတွင် (၂၄) နာရီမီးလင်းမှု မရရှိသည့်အတွက် အချိန်နှင့်တပြေးညီ အားသွင်းခြင်း မပြုလုပ်နိုင်သောကြောင့် သတင်းအချက်အလက်များ အချိန်မီ မသိရှိနိုင်ခြင်းများ ရှိပါသည်။ ကျေးရွာ၏ အချို့နေရာများတွင် ဖုန်းလိုင်းမမိသည့် အခြေအနေများ ရှိပါသည်။ ထိုကြောင့် ကျေးရွာတွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများကောင်းရန်အတွက် ဆောင်ရွက်ရန် လိုအပ်နေပါ သည်။

၆။ ပညာရေး

လွတ်လွတ်ကျေးရွာတွင် စာမတတ်သူဦးရေ (၂) ဦးရှိပါသည်။ ဘွဲ့ရသူဦးရေ (၃၃) ဦး အထိ ရှိနေပြီ ဖြစ်သည်။ မူလတန်းပညာပြီးမြောက်မှုမှာ (၂၃၉) ဦး၊ အလယ်တန်းပညာ ပြီးမြောက်မှုမှာ (၁၉၀) ဦးနှင့် အထက်တန်းပညာပြီးမြောက်မှုတွင် သိသာစွာ လျော့နည်းလာပါသည်။ သို့သော် အထက်တန်းပညာရေးပြီးဆုံးနှုန်းနှင့် တက္ကသိုလ်ပညာပြီးဆုံးသူနှုန်းတို့မှာ (၃) ပုံ (၁) ပုံခန့် ကွာသည့်အတွက် အထက်တန်းပညာပြီးဆုံးရေးသည် ပညာရေးတိုးတက်မှု

အတွက် အဓိကဖြစ်ပြီး မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်သာ အတန်းပညာပြီး မြောက်မှု များပြားနေပါသည်။

ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား (၇၈) ဦး ရှိပါသည်။ မူလတန်းအဆင့် အခမဲ့ပညာသင်ကြားရေးစနစ်ကြောင့် လုံးဝ ကျောင်းမနေ သူဦးရေ မရှိသည့်အပြင် ဘာသာရေး အခြေပြုကျောင်းများတွင် နေထိုင်သူများလည်း မရှိပါ။ လက်ရှိ မူလတန်းတက်ရောက်နေသူဦးရေမှာ (၇၈) ဦးရှိပြီး၊ အလယ်တန်း ကျောင်းတက်နေသူ ဦးရေ မှာ (၅၈) ဦးနှင့် အထက်တန်းကျောင်းတက်နေသူဦးရေမှာ (၁၇) ဦးရှိပါသည်။ ကျောင်းသား အချို့သည် ကျောင်းဖွင့်ရက်တိုင်း စက်ဘီး၊ ဆိုင်ကယ်၊ လမ်းလျှောက်သွားကြပါသည်။ မြိတ် တက္ကသိုလ်နှင့် အခြားအသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် တက်ရောက်နေသူ များ မှာ (၆) ဦး ရှိပါသည်။

မူလတန်းကျောင်းတွင် စာသင်ကျောင်းဆောင်တစ်ဆောင် ရှိပါသည်။ စာသင်ကျောင်း သည် ကျေးရွာနှင့်နီးသောကြောင့် ကျောင်းသား/သူများ ခြေလျင်၊ စက်ဘီးတို့ဖြင့် သွားလာကြပါသည်။ ကျောင်းသား/ကျောင်းသူဦးရေ များသည့်အတွက် ကျောင်းသုံး ပရိ ဘောဂများ မလုံလောက်ပါ။ စာသင်ကျောင်း၏ အမိုး၊ နံရံ၊ အခင်းသည်လည်း ပျက်စီးလျက် ရှိနေပါသည်။ ထိုကြောင့် စာသင်ကျောင်း ပြုပြင်ရန် လိုအပ်နေပါသည်။ မူကြိုကလေးများ အတွက်လည်း သီးသန့်စာသင်ဆောင် မရှိသည့်အတွက် မူကြိုကျောင်း ဆောက်လုပ်ပေးရန် လိုအပ်နေပါသည်။

မူလတန်းအဆင့် အခမဲ့ပညာရေးစနစ်ကြောင့် ဆင်းရဲသောမိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ရှိပြီး ဆရာ/ ဆရာမများအတွက် ဝန်ထမ်းအိမ်ယာလည်း ပြုပြင်ရန် လိုအပ်လျက်ရှိနေပါသည်။ ထို့အပြင် ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။ ကျောင်းသား/သူများအား စာကျက်ဖြစ်စေရန် တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ရန်မှာ လွန်စွာ အရေးပါလှပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

လွတ်လွတ်ကျေးရွာတွင် သွေးလွန်တုပ်ကွေးရောဂါမှာ အဖြစ်များဆုံး ဖြစ်သည့်အတွက် ခြင်ဖျန်းဆေးများ အချိန်မီဖြန်းပေးရန် လိုအပ်နေပါသည်။ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ များမှာ ဖြစ်ပွားသူများပါသည်။ ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ပြုလုပ်ပေးလျက်ရှိပါသည်။ သို့ရာတွင်ကျေးရွာ၌ အာဟာရမှတ်တမ်းယူမှုနှင့် အာဟာရပညာပေး သင်တန်းနှင့် ပတ်သက်

၍ ပြုလုပ်ခြင်း မရှိသည့်အတွက် ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်လျက် ရှိပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိပါ။ ကျေးရွာနှင့် (၃) မိုင်ခန့်ဝေးသည့် ကျောက်ဖျာကျေးရွာအုပ်စုတွင်သာ ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပါသည်။ အရေးပေါ် အခြေအနေမျိုး ဖြစ်ပေါ်မှသာ မြိတ်ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာတွင် ဆေးဆိုင်ရှိသော်လည်း စနစ်တကျ သိမ်းဆည်းထားခြင်း အားနည်းပါသည်။

လွတ်လွတ်ကျေးရွာတွင် အိမ်ထောင်စု အများစုသည် ရေတွင်းကိုသာ အဓိကအသုံးပြုကြပါသည်။ ကိုယ်ထူကိုယ်ထစနစ်ဖြင့် စိမ့်စမ်းရေ သွယ်တန်းပြီး အသုံးပြုသည့် အိမ်ထောင်စု (၁၀) အိမ် ရှိပါသည်။ သောက်သုံးရေများကို သန့်ရှင်းစွာအသုံးပြုနိုင်ရန်အတွက် ရေအရည်အသွေးကို စမ်းသပ်စစ်ဆေးရန် လိုအပ်လျက် ရှိနေပါသည်။

သန့်ရှင်းသော ယင်လုံ အိမ်သာသုံးစွဲမှုမှာ (၂၂) အိမ်ရှိပါသည်။ မသန့်ရှင်းသော အိမ်သာသုံးစွဲမှုများဖြစ်သည့် တွင်း/ဧလားအိမ်သာ၊ တွင်းမရှိအိမ်သာနှင့် အိမ်သာမရှိသူများ ရှိသည့်အတွက် ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် ပြဿနာများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်လျက်ရှိပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လွတ်လွတ်ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှု မရှိပါ။ သို့ရာတွင် မိုးရွာသွန်းမှုများသည့်အချိန်တွင် ရေကြီးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ဆောင်ရွက်ထားမှု မရှိပါ။ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာလျှင် ထိခိုက်လွယ်မည့် အုပ်စုမှာ (၃၀%) ခန့် ရှိနိုင်ပါသည်။ အမှိုက်စွန့်ပစ်ရာတွင် စနစ်တကျ စွန့်ပစ်မှု အားနည်းလျက် ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ ကျေးရွာသားများသည် ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

လွတ်လွတ်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ ဆတူနီးပါးပင်ဖြစ်သည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင်နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချ

ဧကန်တိုးတက်ပြောင်းလဲလာပါမည်။အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည် ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - ကျောက်ဖျာ			ကျေးရွာအမည် - လွတ်လွတ်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများစီစဉ်ဆောင်ရွက်ခြင်း။	
၂	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	ရွာလုံးကျွတ်အစည်းအဝေးကို လစဉ်ပုံမှန်ပြုလုပ်၍ လိုအပ်ချက်များကို အစည်းအဝေးတွင် ဖော်ထုတ်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်ထုတ် လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာ သင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၆	စိုက်ပျိုးရေး	မြေယာ/ရေ	ချောင်းကောမြောင်းကောတူးဖော် ဆောင်ရွက်ခြင်း။	
၇	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။	
၈	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။	
၉	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ပန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၁၀	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန် ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၂	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်၊ မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်၊ ဖုန်းပြင်)	
၁၃	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။	

ကျေးရွာအုပ်စုအမည် - ကျောက်ဖျာ			ကျေးရွာအမည် - လွတ်လွတ်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁၄	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၅	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။	
၁၆	ငွေကြေး	ရပ်ရွာအခြေပြု	မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရန် ချိတ်ဆက်တင်ပြခြင်း။	
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	အုတ်ဖြင့်ကျောင်းခြံစည်းရိုးအား ကာရံခြင်း (၈၄၀' x ၆')	
၁၈	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	စာသင်ကျောင်းတွင် လိုအပ်သော ပရိဘောဂပစ္စည်း ပြည့်ဝစွာရရှိအောင် ဆောင် ရွက်ခြင်း။	
၁၉	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	အားကစားပစ္စည်းများ ဖြည့် တင်းခြင်း။	
၂၀	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	လေးခန်းတွဲ အိမ်သာ (၁) လုံး ဆောက်လုပ်ခြင်း။	
၂၁	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	ဝန်ထမ်းအိမ်ရာ ပြုပြင်ခြင်းနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း။	
၂၂	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	မူကြိုကျောင်း တည်ဆောက်ခြင်း။	
၂၃	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	ကျောင်းဆောင်သစ် (၉၀' x ၃၀') တစ်ဆောင် ဆောက်လုပ်ခြင်း။	
၂၄	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ရာသီအလိုက် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	
၂၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်း ကျောက်ခင်းလမ်း (၃၁၀၂) ပေအား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်ခြင်း။	
၂၆	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အုန်းတော ကုန်ထုတ်လမ်း (၀/၃) မိုင် ဖောက်လုပ်ခြင်း။	
၂၇	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	မဲတောလမ်း (၀/၅) မိုင်အား ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း။	
၂၈	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အထဲပြင် မြေသားလမ်း (၀/၅) မိုင်အား ကျောက်ခင်းလမ်းသို့ အဆင့်မြှင့်တင်ခြင်း။	

ကျေးရွာအုပ်စုအမည် - ကျောက်ဖျာ			ကျေးရွာအမည် - လွတ်လွတ်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၂၉	အခြေခံအဆောက်အဦ	သောက်သုံးရေ	စိမ့်စမ်းရေသွယ်တန်းခြင်း (၂) မိုင် ဆောင်ရွက်ခြင်း။	
၃၀	လျှပ်စစ်	မဟာမောတ်အားလိုင်း	လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်း။	
၃၁	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည် မြင့်တင်ရေး သင်တန်းများ ပြုလုပ်ခြင်း။	
၃၂	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ဗဟုသုတ ဆွေးနွေးလေ့လာ နိုင်မည့် နေရာတစ်ခု စီစဉ်ခြင်း။	
၃၃	လူငယ်နှင့်အားကစား	အားကစား	အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များ အတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၃၄	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	အမျိုးသမီးများအား တရားဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ် ခြင်း။	
၃၅	သယံဇာတနှင့်သဘာဝ ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။	
၃၆				
၃၇				
၃၈				
၃၉				
၄၀				

လွတ်လွတ်ကျေးရွာ၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးလှဝင်း	ဦးမောင်ဦး	ဖ/မအရ(နိုင်) ၁၀၅၃၇၅	၄၀	ဥက္ကဋ္ဌ	၀၉၂၅၂၀၃၂၇၅၂
၂	ဦးသန်းနိုင်ဦး	ဦးဉာဏ်ရီ	ဖ/မအရ(နိုင်) ၀၉ဖ၉၉၅	၄၂	အတွင်းရေးမှူး	၀၉၂၅၃၃၇၀၈၃၃၇
၃	ဦးဝင်းနိုင်	ဦးငကိုင်ဝင်း	ဖ/မအရ(နိုင်) ၁၀၇၄၃၈	၄၁	ဘဏ္ဍာရေးမှူး	၀၉၂ဖ၃၉၀၃၀၅၇
၄	ဒေါ်ချောစု	ဦးဉာဏ်ရီ	ဖ/မမန(နိုင်) ၁၄၁၂၈၉	၃၂	စာရင်းကိုင်	၀၉၇၇၈ဖ၀၀၈၄၅
၅	ဦးတင်ထွန်း	ဦးမောင်ကျော်	ဖ/မမန(နိုင်) ၁၃ဖ၁၅၅	၄၁	စာရင်းစစ်	၀၉၂၅၄၇၁၂၁၄၅
၆	ဦးမောင်ဌေး	ဦးဖပိန်	ဖ/မမန(နိုင်) ၁၁၉၂၅၅	၃၉	အဖွဲ့ဝင်	-
၇	ဒေါ်ဌေး	ဦးအောင်ဆွေ(ခ)ဦးမဲ	ဖ/ပလန(နိုင်) ၀၂ဖ၆၉၉	၅၃	အဖွဲ့ဝင်	-
၈	ဒေါ်အိအိဝင်း	ဦးမြင့်ဆွေ	ဖ/မမန(နိုင်) ၁၁၉ဖ၂၀	၃၂	အဖွဲ့ဝင်	၀၉၇၇၃၃၀၂၉၅၃၃
၉	ဒေါ်အေးဇာရီ	ဦးမောင်အုန်း	ဖ/မမန(နိုင်) ၁၈၇၀၀၉	၃၄	အဖွဲ့ဝင်	-
၁၀						
၁၁						
၁၂						
၁၃						
၁၄						

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၄	၈
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၇	၁၉	၃၆
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၅	၃၅	၇၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၄	၃၈	၇၂
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၁၀	၂၀၁	၄၁၁
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၅	၁၀	၁၅
စုစုပေါင်း		**၃၀၅**	**၃၀၇**	**၆၁၂**
စုစုပေါင်း အိမ်ထောင်စု		**၁၃၀**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စု ဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ လွတ်လွတ်ကျေးရွာတွင် အိမ်ထောင်စု (၁၃၀) စု ရှိပြီး၊ လူဦးရေ စုစုပေါင်း (၆၁၂) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၇) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၆၇% ရှိပြီး (၁၅) နှစ်အောက် လူဦးရေ စုစုပေါင်း ၃၀% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၇) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းအောက် လျော့နည်းနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၇	၈၁	၁၁	မြင့်□လတ်☑နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ဝင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၃	၂	၃	မြင့်☐လတ်☑နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း			၁	မြင့်☐လတ်☐နိမ့်☑
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၃	၄		မြင့်☐လတ်☑နိမ့်☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၆		မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ဝင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၈၂	၁၅၅	၅၈	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း	၁၃၀	၂၄၉	၇၃	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများ

အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။လွတ်လွတ်ကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဓိက ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ အိမ်ထောင်စု များပြားပါသည်။ ရေလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ကိုင်သော အိမ်ထောင်စု (၁) အိမ်ရှိပြီး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ (၃) အိမ်ရှိပါသည်။ အခြားအိမ်ထောင်စုများမှာ ပန်းရံလုပ်သားများ၊ ကျပန်းလုပ်သားများအဖြစ် လုပ်ကိုင်နေကြပြီး အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးလျက် ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈,၀၀၀	၅,၀၀၀	၅,၀၀၀	၄,၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀,၀၀၀	၅,၀၀၀	၈,၀၀၀	၃,၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လွတ်လွတ်ကျေးရွာတွင် အများဆုံးလုပ်ငန်းအဖြစ် လယ်ယာစိုက်ပျိုးရေး (လယ်) လုပ်ငန်းတွင် နေ့စားပုတ်ပြတ် အလုပ်လုပ်သူများကို ဆိုလိုသည်။ တစ်နေ့တွင် အမျိုးသား (၈၀၀၀)၊ အမျိုးသမီး(၅၀၀၀)ကျပ် ရရှိပါသည်။ ပန်းရံလုပ်ကိုင်သူများတွင် အမျိုးသား(၁၀၀၀၀)၊ အမျိုးသမီး (၅၀၀၀) ကျပ်ခန့် ရရှိပါသည်။ ထိုကြောင့် ကျေးရွာတွင် နေ့စားအလုပ်လုပ်သူနှင့် ကျပန်း

လုပ်ငန်းလုပ်ကိုင်သူများရှိသည့်အတွက် အလုပ်အကိုင် အခွင့် အလမ်းများ ရရှိရန် လိုအပ်လျက်ရှိပြီး အမျိုးသားများနှင့် အမျိုးသမီးများ၏ လုပ်အားခသည် တန်းတူမရသည့်အတွက် အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စု မိသားစုသည် စားဝတ်နေရေး မဖူလုံမှုများ ရှိနေပါသည်။

(က) သဘာဝရင်းမြစ်များ

(က-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၈၆	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၇၄	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၉၉.၂	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	၁၅၀	ကောင်း ☐	သင့်☑	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☑	ညံ့ ☐
စုစုပေါင်း	**၅၀၉.၂**	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုး မျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လွတ်လွတ်ကျေးရွာတွင် လယ်မြေစိုက်ဧကအသင့်တင့်ရှိသော်လည်း မြေဆီလွှာပျက်စီးခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်းများရှိပြီး စိုက်ပျိုး မြေများ မချဲ့ထွင်နိုင်ခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များမမှန်ကန်ခြင်း၊ နည်းပညာ အားနည်းခြင်း၊ ဈေးကွက် လက်လှမ်းမီမှုမရှိခြင်းနှင့် ရော်ဘာဈေးနှုန်း ကျဆင်းနေခြင်း စသည့်အခက်အခဲများ ရှိနေသည့်အတွက် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းများ လိုအပ်လျက် ရှိနေပါသည်။

(က-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☐
သဘာဝ အပင်မျိုးစိတ်များ	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
(နွားစာ၊ဆေးဘက်ဝင်အပင်များ)		☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လွတ်လွတ်ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများနှင့် သဘာဝ တိရစ္ဆာန်မျိုးစိတ်များ ထွက်ရှိမှုမရှိသည်အတွက် အခြားနေရာမှ ဝယ်ယူအသုံးပြုနေရပြီး သသဘာဝ အပင်မျိုးစိတ်များ၊ ကျောက်၊သဲ၊ ကျောက်စရစ် ထွက်ရှိမှု အနည်းအကျဉ်းရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှု နှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅	၁၇	၆၉	၃၉

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ လွတ်လွတ်ကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏ (၅) အိမ်သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ကြပြီး အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၁၇) အိမ်ရှိ၍ မပြေလည်သော အိမ်ထောင်စုမှာ (၆၉) အိမ်ရှိပြီး အလွန်မပြေလည်သော အိမ်ထောင်စုမှာ (၃၉) အိမ်ရှိသည့်အတွက် ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုများနေပြီး မိသားစုစားဝတ်နေရေး အတွက် အခက်အခဲများ ရှိနေပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၈ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၈ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၂		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၃		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လွတ်လွတ်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှာမရှိသောသက်ကြီးရွယ်အို များမရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုနှင့် မုဆိုးဖို/တစ်ခုလပ်ဦးဆောင်သော အိမ်ထောင်စု (၅) စုရှိပြီး အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင် လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စုမရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လွတ်လွတ်ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုမှာ မြင့်သောအနေအထား တွင်ရှိ၍ သဘာဝအရင်းအမြစ် ထွက်ရှိမှု ရှားပါးသည့်ကျေးရွာ ဖြစ်ပါသည်။သဘာဝအရင်းအမြစ် စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်းမရှိပါ။ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊မုန်တိုင်းကျရောက်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်းများမရှိပါ။ ဆားငန်ရေ ဝင်ရောက်မှုရှိပြီး လယ်ယာမြေများ ပျက်စီး ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ ကိုယ်ခံအားကျဆင်းမှုရောဂါနှင့် ငှက်ဖျားရောဂါ ကျရောက် မှုမရှိပါ။ တီဘီရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ထိုကြောင့် ကျန်းမာရေးနှင့်သက်ဆိုင်သည့် ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှု ကျရောက်မှု ရှိသည့်အတွက် မွေး/ကုဦးစီးဌာနမှ ဆရာဝန်များ နှင့်ချိတ်ဆက်ရမည့် နည်းပညာနှင့် သင်တန်းများ လိုအပ်လျက်ရှိပြီး ကျေးရွာတွင်းရှိလမ်းသည် မိုးရာသီတွင် သွားလာရခက်ခဲသည့်အတွက် ကျန်းမာ

ရေး၊ ပညာရေးနှင့် လူမှုရေးစသည့်ကိစ္စ အဝဝအတွက် နှောင့်နှေးကြန့်ကြာနေရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လွတ်လွတ်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ မြေယာမဲ့ ဆင်းရဲသားတောင်သူများမှာ သဘာဝအရင်းအမြစ်များ ရှားပါးသည့်အတွက် ကျပန်းအလုပ်များ လုပ်ကိုင်နေရပြီး လှည့်လည်သွားလာ၍ ဈေးရောင်းသူများ၊ ဆေးစွဲသူများနှင့် ရွှေ့ပြောင်းလုပ်သားများလည်းရှိသည့်အတွက် ကျေးရွာတွင် အန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့လာပါက ထိခိုက်သက်ရောက်မှု ခံရနိုင်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိ/ဖအဖွဲ့	၁☐ ၂☐ ၃☑	၁၀	၃	၁၃	ပညာရေး☐ဘွဲ့ကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	အုပ်ချုပ်ရေး အဖွဲ့	၁☐ ၂☐ ၃☑	၁၁		၁၁	ပညာရေး☐ဘွဲ့ကြေး☐ ကျန်းမာရေး ☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း ☑ သင့် ☐ ညံ့ ☐
၃	မီးသတ် တပ်ဖွဲ့	၁☐ ၂☑ ၃☐	၁၂		၁၂	ပညာရေး☐ဘွဲ့ကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ကာလသား/ သမီးအဖွဲ့	၁☐ ၂☑ ၃☐	၃၀	၂၀	၅၀	ပညာရေး☐ဘွဲ့ကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၅	ကျောင်းကော်မတီအဖွဲ့	၁☐ ၂☑ ၃☐	၅	၃	၈	ပညာရေး☑ဘွဲ့ကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
